မြန်မာစစ်အာဏာရှင်များသည် ပြည်သူလူထု၏ သဘောထားဆန္ဒမပါဘဲ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲကာ အတည်ပြု ပြဋ္ဌာန်းခဲ့ပြီး ၂၀၁၀ ခုနှစ်မှစ၍ အထွေထွေရွေးကောက်ပွဲများကို ကျင်းပခဲ့ကြသည်။ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျင်းပသော ရွေးကောက်ပွဲများတွင် ပြည်နယ်ကိုအခြေခံ၍ ဖွဲ့စည်းသော နိုင်ငံရေးပါတီများအနေဖြင့် ရာနှုန်းပြည့် အနိုင်ရရှိသော်လည်း ပြည်နယ်အစိုးရ ဖြစ်လာစရာ အကြောင်းရင်း လုံးဝမရှိပေ။

ကျွန်ုပ်တို့ ရခိုင်လူမျိုးများသည် **“အမျိုးသားတန်းတူရေးနှင့် ကိုယ့်ကံကြမ္မာ ကိုယ်ဖန်တီးခွင့်”** ကို အပြည့်အဝလိုလားကြသည်။ အမျိုးသားရေး ရည်မှန်းချက်အတွက် အနိမ့်ဆုံးအဆင့်ဖြစ်သည့် **“စစ်မှန်သော ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု”** ကို မျှော်မှန်းကြသည်။ သို့သော်လည်း ၂၀၀၈ ဖွဲ့စည်းပုံအောက်တွင် ကျင်းပခဲ့သော ၂၀၁၀၊ ၂၀၁၅၊ ၂၀၂၀ ရွေးကောက်ပွဲများတွင် ရခိုင်ပါတီများသည် တောင်ပြိုကမ်းပြို အနိုင်ရရှိခဲ့ကြသော်လည်း ထိုရွေးကောက်ပွဲရလဒ်များဖြင့် **“ကိုယ်ပိုင်အုပ်ချုပ်ခွင့်အဆင့်”** ကိုပင် မဖော်ဆောင်နိုင်ခဲ့ပေ။ ရခိုင်ပြည်သူလူထု၏ အခြေခံရပိုင်ခွင့်များကို ဖန်တီးပေးနိုင်ခြင်းမရှိခဲ့သလို ရခိုင်ပြည်သူလူထု၏ ဂုဏ်သိက္ခာ၊ အကျိုးစီးပွါးနှင့် အသက်အိုးအိမ်စည်းစိမ်ကိုပင် အကာအကွယ်မပေးနိုင်ခဲ့ကြပေ။

ရခိုင်ပြည်တွင်း လက်နက်ကိုင်ပဋိပက္ခကြောင့် ဒေသခံရခိုင်ပြည်သူများမှာ မြန်မာစစ်တပ်၏ ဖမ်းဆီးခြင်း၊ သတ်ဖြတ်ခြင်း၊ ထောင်သွင်းအကျဉ်းချခြင်းနှင့် လူမဆန်စွာ နှိပ်စက်ညှင်းပန်းခြင်းများကို ခါးသီးစွာခံခဲ့ကြရသလို အမျိုးသမီးများမှာလည်း လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများကို ခံစားခဲ့ကြရသည်။ လက်ရှိအချိန်ထိ ရခိုင်ပြည်သူ တသိန်းနီးပါးခန့် အိုးမဲ့အိမ်မဲ့ဘဝဖြင့် စစ်ဘေးရှောင်စခန်းများတွင် ငတ်တလှည့်၊ ပြတ်တလှည့် နေထိုင်လျက် အနာဂတ်မဲ့သောဘဝကို ဖြတ်သန်းနေကြရဆဲပင်ဖြစ်သည်။

ရခိုင်ပြည်တွင် ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ (၂၆) ရက်နေ့မှ စတင်၍ အပစ်အခတ်ရပ်စဲထားသည်ဟု သက်ဆိုင်ရာအဖွဲ့အစည်းများက ပြောကြသော်လည်း ပြည်သူလူထု၏ လွတ်လပ်စွာသွားလာခွင့်ကို စစ်ကောင်စီက ပိတ်ပင်ထားဆဲပင် ဖြစ်သည်။



၂၀၂၀ ခုနှစ်၊ နိုဝင်ဘာလ ရွေးကောက်ပွဲတွင် အနိုင်ရရှိသော NLD ပါတီသည် မဲမသမာမှုများကို ကျူးလွန်သည်ဟု ဆိုကာ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ (၁) ရက်နေ့တွင် မြန်မာစစ်တပ်မှ နိုင်ငံတော်အာဏာကို သိမ်းပိုက်ခဲ့ပြီး လူထုရွေးချယ်ခန့်အပ်ထားသော အစိုးရအဖွဲ့ဝင်များနှင့် လွှတ်တော်အမတ်များ၊ နိုင်ငံရေးတက်ကြွလှုပ်ရှားသူများ၊ ကျောင်းသားလူငယ်များ၊ ဒီမိုကရေစီနှင့် လူ့အခွင့်အရေးကို လိုလားသော ပြည်သူ့ဘက်တော်သားများအား မတရားဖမ်းဆီးထောင်ချခြင်းနှင့် သတ်ဖြတ်ခြင်းတို့ကို ယခုအချိန်ထိ လူမဆန်စွာ ပြုလုပ်လျက်ရှိပေသည်။

**အကယ်၍ ၂၀၂၀ ရွေးကောက်ပွဲတွင် NLD အနေဖြင့် မဲမသာမှု ရှိခဲ့သည် ဆိုလျှင်သော်မှ ထိုသို့သော မသမာမှုများကို ပြုလုပ်ခွင့် ရနေသည်မှာ ၂၀၀၈ ဖွဲ့စည်းပုံ၏ အားနည်းချက်သာ ဖြစ်ပြီး ကြံ့ခိုင်ရေးပါတီအား ထာဝရမဲအနိုင်ရရှိစေရန် ရည်ရွယ်ချက်ဖြင့် ရေးဆွဲထားသည့် ဖွဲ့စည်းပုံကြောင့် ၎င်းတို့ကိုယ်တိုင် တန်ပြန်ခံခဲ့ရသည့် သံဝေဂယူဖွယ် ဖြစ်စဉ်တခုသာ ဖြစ်ပေသည်။ မြန်မာ့နိုင်ငံရေးတွင် အလားတူအဖြစ်အပျက်မျိုးကို ရှောင်လွဲလိုပါက ဒီမိုကရေစီအရေး၊ လူ့အခွင့်အရေး၊ တရားဥပဒေစိုးမိုးရေး၊ အမျိုးသားတန်းတူရေးနှင့် ကိုယ့်ကံကြမ္မာ ကိုယ်ဖန်တီးခွင့်ရှိရေး တို့ကို အာမခံနိုင်သည့် ဖက်ဒရယ်ဒီမိုကရေစီဖွဲ့စည်းပုံသစ်ကို ပြည်သူလူထုမှ ရွေးကောက်တင်မြှောက်ထားသော ကိုယ်စားလှယ်အစစ်အမှန်များဖြင့် ရေးဆွဲပြဋ္ဌာန်းရန်မှအပ အခြားမရှိပေ။**

မြန်မာစစ်အာဏာရှင်အဆက်ဆက်သည် ပြည်သူလူထုအပေါ်တွင် လူ့အခွင့်အရေးချိုးဖောက်မှုများ၊ အမျိုးသမီးများ အပေါ်တွင် လိင်ပိုင်းဆိုင်ရာအရ အကြမ်းဖက်မှုများ၊ တိုက်ပွဲကာလအတွင်း အရပ်သားများကို လူသားဒိုင်းကာအဖြစ် ဖမ်းဆီးခေါ်ဆောင်ခြင်းများ၊ နိုင်ငံရေးနှင့် အမျိုးသားရေး တက်ကြွလှုပ်ရှားသူများကို ပုဒ်မအမျိုးမျိုးတပ်ကာ ဖမ်းဆီးသတ်ဖြတ်ခြင်းများကို ကျွန်ုပ်တို့ ရခိုင်ပြည်၌ သာမက တခြားတိုင်းရင်းသား ဒေသများတွင်လည်း ပြုလုပ်ခဲ့၊ ပြုလုပ်ဆဲပင် ဖြစ်ပါသည်။



ယခုအချိန်တွင် မြန်မာစစ်တပ်သည် ၎င်းတို့ လိုလားသော အာဏာရှင်စနစ်နှင့် ၂၀၀၈ ဖွဲ့စည်းပုံကို ပြန်လည်အသက်သွင်းရန်နှင့် တရားဝင် စစ်အစိုးရတရပ် ဖြစ်တည်နိုင်ရန်အတွက် အတုအယောင် ရွေးကောက်ပွဲတရပ်ကို ကျင်းပပြုလုပ်ရန် အပြင်းအထန် ကြိုးပမ်းလျက်ရှိသည်။

၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ (၂၀) ရက်နေ့မှ စတင်၍ အိမ်တိုင်ရာရောက် လူဦးရေစာရင်းကောက်ခံရေး အလုပ်အဖွဲ့များ အတွက် သင်တန်းတခုကို ကျွန်ုပ်တို့ ရခိုင်ပြည်၊ စစ်တွေမြို့၌ ပြုလုပ်ပေးခဲ့ပြီး ရခိုင်တပြည်လုံးရှိ လူဦးရေစာရင်းကို ဇန်နဝါရီလ ပထမအပတ်မှ စတင်၍ အဖွဲ့ပေါင်း (၁၂၉၀) ဖွဲ့ဖြင့် ကောက်ခံခဲ့သည်။ ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီ (၂၆) ရက်နေ့တွင် နိုင်ငံရေးပါတီမှတ်ပုံတင်ခြင်း ဥပဒေသစ်ကို ထုတ်ပြန်ခဲ့ပြီး ထိုဥပဒေသစ်ကို စစ်တပ်မှ ကျောထောက်နောက်ခံပေးထားသော ကြံ့ခိုင်ရေးပါတီက စတင်အသက်သွင်းကာ ရခိုင်ပြည်တွင်း၌ ပါတီစည်းရုံးရေးလုပ်ငန်းများကို တစိုက်မတ်မတ် လုပ်ဆောင်လျက်ရှိသည်။

**အခြားတဘက်တွင် စစ်အာဏာရှင်များသည် ၎င်းတို့ ဖန်တီးခဲ့သော အဓိကရုဏ်းများ၊ အကြမ်းဖက်မှုများကြောင့် ဘင်္ဂလားဒေ့ရှ် နိုင်ငံသို့ တိမ်းရှောင် ထွက်ပြေးသွားသည့် မူဆလင်ဒုက္ခသည်များကို ဒေသခံပြည်သူလူထု၏ ဆန္ဒသဘောထားအား ရယူခြင်း၊ နှစ်ဘက်စလုံးမှ ထိခိုက်ခံစားခဲ့ရသူများအတွက် ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးကို အာမခံနိုင်သည့် စီမံချက်များအား စနစ်တကျ ရေးဆွဲထားခြင်းမရှိဘဲ ရွေးကောက်ပွဲကျင်းပမည့်အချိန်နှင့် ကိုက်လျက် မြန်မာနိုင်ငံသို့ ပြန်လည် ခေါ်ယူရန် ပြင်ဆင်လျက်ရှိသည်။**

**မြန်မာစစ်အာဏာရှင်အဆက်ဆက်သည် နိုင်ငံရေးအရ အကူးအပြောင်း (သို့) နိုင်ငံရေးအကူးအပြောင်း ကာလများတွင် ရခိုင်နှင့် မူဆလင် လူ့အဖွဲ့အစည်း နှစ်ခုစလုံးအား နိုင်ငံရေးအရ အမြတ်ထုတ် အသုံးချလျက် လူမျိုးရေး၊ ဘာသာရေး အဓိကရုဏ်းများ ဖန်တီးကာ ၎င်းတို့၏ အာဏာတည်မြဲရေးအတွက် သွေးခွဲအုပ်ချုပ်ရေးလမ်းစဉ်အား ကျင့်သုံးခဲ့ကြသည်ကို ရခိုင်ပြည်သူလူထုနှင့် ရခိုင်ပြည်ကိုယ်စားပြုပါတီများ အနေဖြင့်**

**အထူးသတိထားသင့်ပေသည်။ သာဓကအားဖြင့်ဆိုသော် ၂၀၁၀ ရွေးကောက်ပွဲတွင် အနိုင်ရရှိရန်အတွက် "မူဆလင်တွေ လွှတ်လပ်ဖို့ ကြံ့ခိုင်ရေးပါတီကို ထောက်ခံကြ" ဟူသည့် ကြွေးကြော်သံဖြင့် မောင်တောခရိုင်တွင် ပိုက်ကဒ် (White Card) (၁၀) သိန်းကျော် ထုတ်ပေးခဲ့မှု၊ ၂၀၁၂ ခုနှစ်တွင် မသီတာထွေးအား မူဆလင်လူငယ်များမှ မုဒိန်းကျင့် သတ်ဖြတ်မှုနှင့် တောင်ကုတ်မြို့သို့ ရောက်ရှိနေသော မူဆလင် ခရီးသွားများအား လက်သည်မပေါ်ဘဲ ပြောင်ပြောင်တင်းတင်း အကြမ်းဖက်သတ်ဖြတ်မှု၊ ၂၀၁၅ ခုနှစ်တွင် အငြိမ်းစား မြန်မာစစ်ဗိုလ်ချုပ် ခင်ရီ ဦးဆောင်သော ပြည်ထဲရေးဝန်ကြီးဌာနမှ ရိုဟင်ဂျာအမည်ဖြင့် သန်းခေါင်စာရင်း ကောက်ခံရန် အဆိုပြုခဲ့မှုများသည် ရခိုင်နှင့် မူဆလင် လူ့အဖွဲ့အစည်း နှစ်ခုစလုံးအတွက် ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးကို အာမခံချက် မပေးနိုင်ဘဲ စစ်အာဏာရှင်စနစ် သက်ဆိုးရှည်အောင် ယုတ်မာပက်စက်သော အကြံညာဏ်ဖြင့် ပြုလုပ်ခဲ့ကြသည့် ကမောက်ကမ နိုင်ငံရေး ကစားကွက်များပင် ဖြစ်ပေသည်။**

သို့ဖြစ်ပါ၍ စစ်အာဏာရှူးများပြုလုပ်မည့် ၂၀၂၃ ရွေးကောက်ပွဲသည် မိမိတို့ ရခိုင်ပြည်သူများရင်ဆိုင်နေရသော နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အကြပ်အတည်းနှင့် လက်နက်ကိုင်ပဋိပက္ခများကို ဖြေရှင်းပေးနိုင်မည်မဟုတ်သလို ရခိုင်ပြည်သူလူထုအတွက်လည်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ နိုင်ငံရေး အဆင့်လောက်ကိုပင် အာမခံချက် ပေးနိုင်မည်မဟုတ်ပေ။ နိုင်ငံတကာမျက်နှာစာတွင် လက်တဆုပ်စာ စစ်အာဏာရှင်များ၏ နိုင်ငံရေးအရ တရားဝင်မှုကို သိဒ္ဓိတင်ပေးရန်သာ ရည်ရွယ်ပြုလုပ်ခြင်း ဖြစ်သဖြင့် ထိုရွေးကောက်ပွဲ၌ မိမိတို့ ဆန္ဒအလျောက် ပူးပေါင်းပါဝင်ကြမည်ဆိုပါက စစ်ကျွန်ဘဝတွင် သက်တမ်းရှည်ကြာနေထိုင်ရန် မိမိတို့ကိုယ်တိုင် အဆိုပြုသည့်သဘော သက်ရောက်သွားပေလိမ့်မည်။

ဤနေရာ၌ လူဦးရေအရ အင်အားနည်းပါးသော မျိုးနွယ်စုပါတီငယ်များအနေဖြင့် ၎င်းတို့၏ ရှင်သန်ရပ်တည်ရေးအတွက် **"နီးရာဓါးကို ကြောက်ရသည်"** ဆိုသလို အမျိုးမျိုးသော အင်အားပြိုင်ဆိုင်မှုများအကြား ၂၀၂၃ ရွေးကောက်ပွဲမှ ရရှိမည့် အခွင့်



အလမ်းများကို **"အားကိုးစရာ ကောက်ရိုးတမျှင်အဖြစ်"** ရှုမြင်လျက် လူနည်းစုအခွင့်အရေးအတွက် ရုန်းကန်နေကြရသည်ကို ကျွန်ုပ်တို့အနေဖြင့် အပြစ်မဆိုလိုပေ။ သို့ရာတွင် ရခိုင်ပြည်ကိုယ်စားပြု ပါတီများအနေဖြင့် မြန်မာ့နိုင်ငံရေး၊ ရခိုင့်နိုင်ငံရေး အပြောင်းအလဲတွင် အဆုံးအဖြတ်ပေးနိုင်သော အခန်းကဏ္ဍမှပါဝင်နိုင်သည့် အစွမ်းအစ ရှိပါလျက် ရခိုင်ပြည်သူလူထုအား **"စစ်မီးလျှံ ငရဲခန်း"** အတွင်းသို့ လောလောလတ်လတ် ပို့ဆောင်ထားသည့် မြန်မာစစ်အာဏာရှင်များအား **"နိုင်ငံရေးအရ သိဒ္ဓိတင်ပေး"** ကြမည်ကိုကား နိုင်ငံရေး၊ လူမှုရေး အစရှိသည့် အထွေထွေသော ဂုဏ်သိက္ခာနှင့် ကျင့်ဝတ်များကို ထောက်ရှုလျက် အနုလုံ၊ ပဋိလုံ ပြန်လည် သုံးသပ် ဆင်ခြင်သင့်ပေသည်။

နိုင်ငံတော်အာဏာ၏ မူလရင်းမြစ် ပိုင်ရှင်များဖြစ်ကြသော ရခိုင်ပြည်သူလူထု အနေဖြင့်လည်း **"လူထုသည် မိမိနှင့် ထိုက်တန်သော အစိုးရကိုသာရသည်"** ဆိုသည့် နိုင်ငံရေးဆိုရိုးကို အလေးအနက်နှလုံးသွင်းကာ ရခိုင့်ကံကြမ္မာကို ရခိုင်လူထုကသာ ဖန်တီးရန် လိုလားကြသည်နှင့်အညီ လက်တဆုပ်စာ အာဏာရှင်များက ကြိုးဆွဲသည့် **"နိုင်ငံရေး ရုပ်သေးပွဲ"** တွင် ဝင်ရောက် အသုံးတော်မခံကြဘဲ **"သစ်လွင်တောက်ပသော အနာဂတ် ရခိုင်ပြည်သစ် တည်ဆောက်ရေးကို ရှေ့ရှုကြပါစို့"** ဟု တိုက်တွန်းရင်း ..........

ရခိုင်ပြည်လုံးဆိုင်ရာ ကျောင်းသားနှင့်
လူငယ်များ အစည်းအရုံး (AASYC)

Email: aasyc.ghq@gmail.com
Zkf - +66 (0) 992855253
www.aasyc.info
https://twitter.com/aasyc ghq
https://www.facebook.com/aasyc.arakan/



# စစ်ကျွန်သက်တမ်း မရှည်ဖို့
# အတုအယောင်
# ရွေးကောက်ပွဲကို
# ဆန့်ကျင်စို့

